**အာသီသစာပေ**

၆၂×၁၉ လမ်းကြား၊ မန္တလေးမြို့

၀၉-၇၉၇၈၂၃၄၅၁၊ ၀၉-၂၅၇၂၁၁၆၁၀

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

တရားအလှူက အလှူအားလုံးထက် မြတ်၏။

**စိရံ တိဋ္ဌတု သဒ္ဓမ္မော**

ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည်

အခွန့်ရှည်စွာ တည်ပါစေသတည်း။

**ဓမ္မဒါန**

ဤကျမ်းစာကို ဓမ္မဒါနအဖြစ်

မည်သူမဆို ကူးယူခွင့် ပုံနှိပ်ခွင့်ရှိသည်။

ရွှေနတ်ကယ်တောင်

# အာဂုံမဲ့သဒ္ဒါ

အရှင်ဣန္ဒောဘာသ(နတ်မောက်)

သာသနာတော်နှစ်-၂၅၆၁ ကောဇာသက္ကရာဇ်-၁၃၇၉

■ **ပုံနှိပ်**

ပထမအကြိမ်

ဇန်နဝါရီလ- ၂၀၁၈

အုပ်ရေ- ၃၀၀၀

■ **မျက်နှာဖုံးဒီဇိုင်း**

လှူအောင်(ဝမ်းတွင်း)

■ **အတွင်းအပြင်အဆင်**

မောင်သစ်ဦး(မြစ်ခြေ)

■ **ထုတ်ဝေသူ**

ဦးအောင်မျိုးဇော် (၀၂၀၃၉) (အာသီသစာပေ)

၆၂× ၁၉ လမ်းကြား၊ မန္တလေးမြို့

■ **ပုံနှိပ်သူ**

ဦးဝင့်မိုလ်မိုလ်၊ နန်းသဇင်ပုံနှိပ်တိုက် (၀၀၄၄၁)

၃၉ လမ်း(အလယ်)၊ ရန်ကုန်မြို့

■ **တန်ဖိုး**

ဓမ္မဒါန

# မာတိကာ

| | | |
|---|---|---|
| ၁။ | နိဒါန်း | ၉ |
| ၂။ | တိုက်တွန်းတောင်းပန်လွှာ | ၁၂ |
| ၃။ | ကျေးဇူးတင်လွှာ | ၁၃ |
| ၄။ | သုတ်နက်ပေးနည်း | ၁၅ |
| ၅။ | လက်တွေ့သဘောတရား စမ်းသပ်ခြင်း | ၂၁ |
| ၆။ | သုတ်စဉ် ပုဒ်ဖြတ်နည်း | ၂၉ |
| ၇။ | အာချာတ် သုတ်နက် ရေးနည်း | ၃၃ |
| ၈။ | ကိတ်အနက်ပေးနည်း | ၃၈ |
| ၉။ | ဥဏာဒ်အနက်ပေးနည်း | ၄၁ |
| ၁၀။ | ဝုတ္တိရေးနည်း | ၄၄ |
| ၁၁။ | ဝိဘတ်၊ပစ္စည်း ခွဲခြားနည်း | ၅၀ |
| ၁၂။ | တဒ္ဓိတ်ဝုတ္တိရေးပုံအစီအစဉ် | ၆၅ |
| ၁၃။ | အာချာတ် | ၆၆ |
| ၁၄။ | ကိတ | ၇၀ |
| ၁၅။ | သင်တန်းသားခေါ်ယူခြင်း | ၇၇ |
| ၁၆။ | သင်တန်းကြော်ငြာ | ၇၉ |
| ၁၇။ | အလှူရှင်စာရင်း | ၈၀ |

# နိဒါန်း

**နည်းစနစ် စတင်ကြံစည်ပုံ**

၁၃၅၆– ခုနှစ်၊ တောင်ကြီး၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်မှာ မူလတန်း စာဝါတွေလိုက်စဉ် ဝိနည်း၊သဒ္ဒါ၊သင်္ဂြိုဟ် စသည်ဖြင့် ကျက်လိုက်ရတဲ့စာ...။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး။ ရပြီးသား စာတွေပျောက်မှာစိုးလို့ ညညဆို ပြန်လိုက်ရတာလည်း လေနာရောဂါရနိုင်ပါပေတယ်။

အဲဒီထဲမှာ အဆိုးဆုံးက သင်္ဂြိုဟ်ဘာသာရပ်။ သင်္ဂြိုဟ် ပဌမသုံးပိုင်းဖြစ်တဲ့ စိတ်ပိုင်း၊စေတသိက်၊ပကိဏ်း သုံးပိုင်းထဲက စိတ်ပိုင်းရရင် ကျန်နှစ်ပိုင်းကို မေ့တယ်။ စေတသိက်ပိုင်းရရင်လည်း ကျန်နှစ်ပိုင်းကို မေ့တာပဲ။

အမှန်က မေ့တာဆိုတာထက် အဲဒီသုံးပိုင်းကို ရောနေတာ၊ ဘာကြောင့် ရောတာလဲဆို သရုပ်မပိုင်လို့။ သရုပ်ခွဲမရခြင်းကြောင့် ရောနေတာပါ။
**စဉ်းစားပြီ**

"သရုပ်ရအောင် ဘယ်လိုလုပ်ရမလဲ၊ စဉ်းစားစမ်း"လို့ မိမိကိုယ်ကိုယ် ပြန်မေးတယ်။ "အေး၊ ဆရာတွေကတော့ ဒီသဂြိုဟ်ပါဠိတွေ ကြည့်ပြီး သရုပ်တွေ ရေးပေးနေတာပဲ။ အဲ့တော့ ဒီပါဠိတွေကို နားလည်အောင်ကြည့်ရင် သရုပ်ခွဲတွေရမှာ၊ သရုပ်ခွဲရရင် ပါဠိတွေ မရောတော့ဘူး"လို့ စဉ်းစားပြီးတော့ သဂြိုဟ်ပါဠိစာအုပ်လှန်ပြီး သရုပ်ခွဲရယ်၊အနက်ရယ် ပေါင်းပြီး ပါဠိကို ကြည့်ရှုစစ်ဆေး သုံးသပ်ဝေဖန်လို့ သရုပ်ခွဲကို နားလည်သဘောပေါက်တဲ့ တစ်နေ့ "ရပြီကွ"လို့ အော်ပြီး ထခုန်ကာ အောင်ပွဲခံခဲ့ဖူးပါတယ်။

အဲဒီနေ့ နောက်ပိုင်း သဂြိုဟ်ရှေ့သုံးပိုင်းကို မရောရုံတင်မဟုတ်၊ အထူးတလည် အာဂုံပြန်စရာတောင် မလိုတော့ဘူး။

အကြောင်းကား ပါဠိကိုကြည့်ပြီး သရုပ်ခွဲနည်းကို သိသွားလို့ပေါ့။ ပါဠိရရင် သရုပ်ခွဲရသလို သရုပ်ခွဲရရင်လည်း ပါဠိရသွားတယ်ဆိုတာကို သိသွားရသွားလို့ပါ။ စာမေးပွဲ ဖြေရင်လည်း ပါဠိပုစ္ဆာကို အမှတ်ပြည့်ရတာ ရှားပေမဲ့ လွတ်ရိုးထုံးစံလည်း မရှိသလောက် ရှားပါတယ်။

## သဒ္ဒါကိုးခေါက်၊ စာပြိုးပြောက်

သဂြိုဟ်ကတော့ နားအေးပြီ။ သို့သော် သဒ္ဒါကတော့....။ သဒ္ဒါက အားလုံးသိတဲ့အတိုင်းပဲ နှစ်စကနေ ကျက်ပေမဲ့ နှစ်ဆုံးတိုင် ကျက်လို့မကုန်တဲ့ ဘာသာရပ်။ သုတ်၊ သုတ်နက် စသည်ဖြင့် ကျက်စရာ များလိုက်တဲ့ ဘာသာရပ်။ ခက်ခဲနက်နဲပါဘိ။ ဒါကြောင့်မို့ ရှေးဆရာတွေက "သဒ္ဒါကိုးခေါက်၊ စာပြိုးပြောက်"လို့ မိန့်ခဲ့ခြင်း ဖြစ်တယ်။

သဒ္ဒါဘာသာရပ် ဘယ်လောက်ခက်ခဲတယ်ဆိုတာကို စကားလုံးနည်းနည်းနှင့် ထိထိမိမိ အဓိပ္ပာယ်ပေါ်လွင်လှပါပေတယ်။

"ဒီလောက်ခက်တဲ့ ဘာသာရပ်ကတော့ မကျက်ဘဲနဲ့ စာတွေရမယ့် နည်းစနစ် မရှိဘူးလား"လို့ မေးစရာရှိလာပါတယ်။

အဖြေက "ရှိပါတယ်"။

အဲဒီအချိန်က စာချဆရာတော်တွေ မိန့်တာက "အမရပူရက ကျောင်းတိုက်တစ်တိုက်မှာ သုတ်၊ သုတ်နက် ရရုံနဲ့ ဝုတ္တိကို ရေးတတ်တယ်"လို့ မိန့်သံ ကြားကတည်း

က နည်းစနစ်ရှိတယ်၊အဖြေရှိတယ်ဆိုတာကို သိခဲ့ရပါတယ်။

သိပင်သိသော်လည်း ဘယ်လိုရအောင် လုပ်ရမယ်ဆိုတဲ့ အဖြေကို ရှာမတွေ့ခဲ့ပါ။ သို့သော်လည်း ပြယုဂ်ထုတ်တဲ့အခါ သုတ်၊သုတ်နက်မှန်းပြီး ရုပ်တွေကို ထည့်တတ်လာသလို သုတ်နက်ကိုလည်း ရမ်းတမ်းမှန်းတမ်း ပေးတတ်လာပါတယ်။

## စာချဘုန်းကြီးဘဝ

စာချတဲ့ဘဝ ရောက်လာတဲ့အခါ သဒ္ဒါစာဝါပို့ချချိန် စာသင်သားဘဝက ရှာဖွေခဲ့တဲ့ နည်းစနစ်ကို ရအောင်ရှာမယ်လို့ ဆုံးဖြတ်ပြီး ဆက်စဉ်းစားတာက သုတ်၊သုတ်နက်ရရင် ဝုတ္တိရေးတတ်တယ်ဆိုရင် သုတ်ရရင်လည်း သုတ်နက်နဲ့ ဝုတ္တိ ရေးတတ်ရမယ်။ ဘာကြောင့်လဲဆို သုတ်နက် မပေါ်ခင် သုတ်ကိုကြည့်ပြီး ဝုတ္တိကို ရေးထားတာ။ ဝုတ္တိဆိုတာ သုတ် အဓိပ္ပာယ်ပါပဲ။ သုတ်နက်ဆိုတာကလည်း သုတ်ကိုရော၊ဝုတ္တိကိုပါ ကြည့်ပြီး သုတ်အဓိပ္ပာယ်ကို ရေးထားတာ။ အဓိက မိန်းက သုတ်ပဲ။ ဒါကြောင့်မို့ သုတ်စဉ်ရရင် သုတ်နက်ကော ဝုတ္တိပါ ရေးကို ရေးတတ်ရမယ်ဆိုတဲ့ ခံယူချက်(သို့မဟုတ်)အတွေးနဲ့ သုတ်နက်နှင့် ဝုတ္တိရေးပုံကို စတင်ရှာဖွေပါတော့တယ်။

နှစ်ပေါင်းများစွာ ကစ္စည်းသဒ္ဒါကြီးထဲမှာ သုတေသနလုပ် ရှာဖွေ စုဆောင်းပြီး တွေ့ရှိထားတဲ့ နည်းစနစ်တွေကို စုစည်းပြီး အရှင်ဘုရားတို့ လက်ဝယ်ရောက်အောင် လှူဒါန်းဆက်ကပ်လိုက်ပါပြီ။

ယခုစာအုပ်သည် မျက်မှောက်ခေတ်မှာ အရေးတကြီး လိုအပ်နေတဲ့ စာအုပ်ဆိုတာ လေ့လာကြည့်ရုံနဲ့ သိမယ်လို့ ယုံကြည်မိပါကြောင်း...။

# တိုက်တွန်းတောင်းပန်လွှာ

တပည့်တော်သည် ပညာရှင် မဟုတ်ပါ။သို့ပါသောကြောင့် အမှားများစွာ တွေ့နိုင်ပါသည်ဘုရား။ သည်းခံခွင့်လွှတ်ပြီး လိုတာကို ယူ၊ မလိုတာကို ပယ် ပါလို့ ဦးစွာ ပန်ကြားလျှောက်ထားလိုပါတယ်။

မည်သည့် ဥပဒေသ နည်းစနစ်တွေမဆို ပြီးပြည့်စုံတယ်ဆိုတာ မရှိသလောက် ရှားပါတယ်ဘုရား။ ခြွင်းချက်တို့ မှတ်ချက်တို့နှင့် ပြည့်နေတတ်ပါတယ်။

ဤအတူ သဒ္ဒါမှာလည်း "သဒ္ဒါဟူက၊ ယေဘုယျ၊ မုချ မမှတ်ရာ" လို့ ဆိုတဲ့ အတိုင်း မုချပုံသေ မှတ်လို့မရပါဘူး။

သို့သော်လည်း ယခုစာအုပ်သည် အသေးစိပ် နည်းစနစ်တွေကို ရှာဖွေ ထည့်ထားတာမို့ ရာခိုင်နှုန်း တော်တော်များများ ကစ္စည်းသဒ္ဒါကြီး အတိုင်း တူနေ မှန်နေပါလိမ့်မယ်ဘုရား။

ဤစာအုပ်သည် စာမေးပွဲအတွက်သာ အထောက်အကူပြုသည်မဟုတ်။ မိမိတို့ရဲ့ ဉာဏ်ရည်ဉာဏ်သွေးကိုလည်း ပိုပြီး ထက်မြက် တောက်ပ တွေးခေါ် စဉ်းစားတတ်အောင် အကူအညီရမယ်ဆိုတာ လေ့လာကြည့်ရင်းနဲ့ တွေ့ရှိခံစား ပျော်ရွှင်လာပါလိမ့်မယ်။

ဒါကြောင့်မို့ ဤစာအုပ်ပါ နည်းစနစ်တွေကို သက်သောင့်သက်သာ သုံးဆောင် ရရှိစေရန် နာမ်– ဒုတိယပိုင်းမှစ၍ တစ်သုတ်ပြီးတစ်သုတ် လေ့လာပါလို့ တိုက်တွန်း လိုပါကြောင်း... အသိပေးအပ်ပါသည်ဘုရား။

# ကျေးဇူးတင်လွှာ

သာသနာဝန်ထမ်းပုဂ္ဂိုလ်များသည် ဗုဒ္ဓဘာသာ ဒကာ၊ ဒကာမများ ထောက်ပံ့လှူဒါန်းတဲ့ ပစ္စည်းလေးပါးအပြင် အခြားသော အသုံးအဆောင်တွေကို လက်ခံပြီး ရပ်တည်ရတဲ့ ပုဂ္ဂိုလ်တွေဆိုတာ လူတိုင်းအသိပင် ဖြစ်သလို ကျေးဇူးရှင်ဆိုတာကိုလည်း အထူးတလည် ပြောစရာမလိုပါဘုရား။

သို့အတွက်ကြောင့် ရှေးဦးစွာ ဗုဒ္ဓဘာသာ ဒကာ၊ ဒကာမအပေါင်းတို့အား ကျေးဇူးအထူးပင်တင်ပါသည်။

ထို့နောက် "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ" ဆိုတဲ့အတိုင်း မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ မြင်းတဲကြီးကျေးရွာ၊ ခမည်းတော် ဦးဘို ရွှေ+ မယ်တော် ဒေါ်ကြည်လှိုင် နှင့် ညီ၊ညီမ၊အစ်မ၊ မြင်းတဲကြီးကျေးရွာ ဓမ္မရက္ခိတ ကျောင်းဆရာတော် ဘဒ္ဒန္တမဏိသာရ၊ လှိုင်သာယာမြို့သာယာကုန်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တ (နယ်လှည့်ဓမ္မကထိက၊ ဂန္ထဝါစကပဏ္ဍိတ)၊ တောင်ကြီး သိမ်တောင်ပရိယတ္တိစာသင်တိုက် ဆရာတော်များ၊ နတ်မောက်မြို့နယ် ရွှေနတ်ကယ်တောရဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ သင်ဆရာ၊ မြင်ဆရာ၊ကြားဆရာ အားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ဤစာအုပ်ဖြင့် ကျေးဇူးဆပ်ပူဇော်ပါသည်။

အာသီသစာပေ

ဒီအပြင် ၁၃၇၃–ခုနှစ်က စာအုပ်ထုတ်ဖို့ ကြိုးစားခဲ့ပေမဲ့ မအောင်မြင်ခဲ့ပါ။ ယခုတော့ ဘယ်လိုဖြစ်ဖြစ် စာအုပ်ကို ထုတ်မယ်လို့ ဆုံးဖြတ်ပြီးမှ အလှူရှင်က လည်း ပေါ်လာပါတယ်။ ဒါ့ကြောင့် စာအုပ်ထုတ်ဖို့ ပိုသေချာပြီး ထုတ်ဖြစ်လာတာပါ။

သို့အတွက်ကြောင့် ပင်မစာအုပ်အလှူရှင် ဗိုလ်ကြီးမြင့်လွင်(ငြိမ်း)+ ဒေါ်မြမြ ထွန်း– မိသားစု(တောင်ကြီး)၊ ဒုရဲမှူး ဦးမြင့်ကျော် + ဒေါ်စိန်သန်း–မိသားစု (သီပေါ)၊ သူတော်(ရွှေနတ်ကယ်တောင်)၊ ဆရာလေးဒေါ်တရုတ်မ(ရွှေနတ်ကယ်တောင်)နှင့် အခြားသော အလှူရှင်တို့အား အထူးပင် ကျေးဇူးဥပကာတင်ရှိ၍ ဝမ်းမြောက်နမော် သာဓုခေါ်ကာ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

အရှင်ကုဿနွှောဘာသ
(သာသနဓဇဓမ္မာစရိယ– MA(Srilanka)
ရွှေနတ်ကယ်တောင်၊ ရွှေနတ်မှူးစာသင်ကျောင်း
နတ်မောက်မြို့နယ်
ဖုန်း– ၀၉–၄၄၂၈၆၅၆၁၄
၀၉–၇၆၆၆၈၉၉၈၉

## သုတ်နက်ပေးနည်း

သုတ်နက်ပေးရာ၌ ပါဝင်မည့်အချက်တွေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ နောက်နိမိတ် ၂။ ရှေ့နိမိတ်
၃။ ကာရီ ၄။ ကာရိယ
၅။ ကြိယာ ၆။ အာဓာရ တို့ဖြစ်ပါသည်။

**၁။ အာဓာရ**

သုတ်စဉ်၌ "၌ - တို့၌" ဟု အနက်ပေးရမည့်ပုံစံများ-

၁။ နပုံသကေ - နပုံလိင်၌ ။ ၁၂၅၊ ၁၂၉
၂။ သမာသေ - သမာသ်၌ ။ ၁၅၄
၃။ ဗဟုဗ္ဗီဟိမှိ - ဗဟုဗ္ဗီဟိသမာသ်၌။ ၁၆၇
၄။ ပဥ္စမျတ္တေ - ပဥ္စမီအနက်၌။ ၂၄၈
၅။ သတ္တမိယာ - သတ္တမီအနက်၌။ ၂၄၉ မှ ၂၅၅-၇-၈-၉
၆။ သမာသေသု - သမာသ်တို့၌။ ၂၂၂

## ၂။ နောက်နိမိတ်

(က) သုတ်စဉ်၌ သို့၊ မို၊ ဧ သရ (သဝေထိုး)တို့ တစ်ခုခုဆုံးလျှင် "ကြောင့်" လို့ အနက်ပေးရမည်။

သို့ - ကြောင့်
မို - ကြောင့်
ဧ (ေ) - ကြောင့်

(ခ) သုတ်စဉ်၌ "သု"ဝိဘတ်ဆုံးလျှင် "တို့ကြောင့်"ဟု အနက်ပေးရမည်။

သု - တို့ကြောင့် ။

(ဂ) သုတ်စဉ်၌ နောက်နိမိတ်နှစ်ခုပါလျှင် နောက်ပုဒ်ကို စ၍ အနက်ပေးပါ။ ပုံစံ- ယောမို ပဌမေ။ ပဌမေ -ပဌမဖြစ်သော၊ ယောမို-ယောဝိဘတ်ကြောင့်။

## ၃။ ရှေ့နိမိတ်

(က) သုတ်စဉ်၌ သ္မာ၊ မှာ၊ တော နှင့် အာ(ရေးချ)တို့ ဆုံးတာ တွေ့လျှင် ယင်းတို့ကို -

သ္မာ - မှ
မှာ - မှ
တော - မှ
အာ - မှ - လို့ အနက်ပေးရမည်။

(ခ) သုတ်စဉ်၌ ဟိနှင့်တော တို့ တစ်ခုခုတွေ့လျှင် ယင်းတို့ကို-

ဟိ - တို့မှ
တော - တို့မှ ဟု အနက်ပေးပါ။

(ဂ) သုတ်စဉ်၌ ရှေ့နိမိတ်နှစ်ခုပါလျှင် နောက်ပုဒ်ကို စ၍ အနက်ပေးပါ။

ပုံစံ- အံ ယမီတော ပသညတော။
ပသညတော- ပ အမည်ရှိသော၊ ဤတော-ဤအက္ခရာမှ။

(ဃ) ရှေ့နိမိတ်နောက်မှ ပရေသံ ပရသ ပရော နှင့် ပရေတို့ကို ကာရီကို ကြည့်၍ ထည့်ပေးရပါမည်။

၁။ ကာရီသည် နံ ဆုံးလျှင် ပရေသံ။ ပရေသံ- နောက်ဖြစ်ကုန်သော။
၂။ ကာရီသည် ဩ ဆုံးလျှင် ပရော။ ပရော- နောက်ဖြစ်သော။
၃။ ကာရီသည် တစ် နှစ် မဟုတ်လျှင် ပရသ။ ပရသ- နောက်ဖြစ်သော။
၄။ ပစ္စည်းသက်လျှင် ပရေ။ ပရေ- နောက်ဖြစ်သော - ဟု ထည့်ရပါမည်။

## ၄။ ကာရီ

(က) သုတ်စဉ်၌ သ(သ)ဝိဘတ်ဆုံးလျှင် ယင်းကို ၏ (ကို)ဟု အနက်ပေးရပါမည်။

သ(သ) - ၏ (ကို)
ယင်း သ နှစ်ခုပါလျှင် ကျန်တစ်ခုကို -
သ - ဖြစ်သော ဟု အနက်ပေးပါ။

(ခ) သုတ်စဉ်၌ နံ ဝိဘတ် ဆုံးလျှင် ယင်းကို-
နံ - တို့၏(တို့ကို) ဟု ပေးပါ။

(ဂ) သုတ်စဉ်၌ ကံ(အာကံ) နှင့် သံ ဆုံးလျှင်လည်း တို့၏(တို့ကို) ဟု ပေးရမည်။

ပုံစံ။ ။ တုမှမှာကံ - တို့၏(တို့ကို) (၁၃၉) ။
။ ဧတေသံ - တို့၏(တို့ကို) (၁၈၃)။

(ဃ) သုတ်စဉ်၌ ကာရီနှစ်ခုပါလျှင် နောက်ပုဒ်ကို စ၍ အနက်ပေးရမည်။

ပုံစံ။ ။ အမှသ မမံ သဝိဘတ္တိသ သေ။ သဝိဘတ္တိသ- ဝိဘတ် နှင့်တကွဖြစ်သော။ အမှသ- အမှသဒ္ဒါ၏(ကို)။

## ၅။ ကာရိယ

(က) သုတ်စဉ်၌ နိဂ္ဂဟိတ် (သေးသေးတင်) ဆုံးလျှင် (နံ့-မပါ) “ံ - သို့” ဟု အနက်ပေးပါ။

(ခ) သုတ်စဉ်၌ ဩ (ေ-ဂ) ဆုံးလျှင် ယင်းကို “ေ-ဂ၊ ေ-ါ- သည်”ဟု ပေးပါ။

(ဂ) သုတ်စဉ်၌ အာ ဆုံးလျှင် ယင်းကို “အာ(ရေးချ) - တို့သည်” ဟု ပေးပါ။

## ကာရီ၊ ကာရိယ ခွဲခြားနည်း

သုတ်စဉ်၌ ကာရီ၊ကာရိယကို ခွဲခြား၍ မသိနိုင်လျှင် ရှေ့ပုဒ်ကို ကာရီလို့မှတ်၍ နောက်ပုဒ်ကို ကာရိယဟု မှတ်ရမည်။

ပုံစံ။ ။ နှာ အာ။ ဤသုတ်၌ ရှေ့ပုဒ် နှာ ၌ လည်းကောင်း၊ နောက်ပုဒ် အာ ၌ လည်းကောင်း သဿ နှင့် နံ ဆုံးတာ မတွေ့ရပါ။ ယခုလို သဿနှင့် နံ ဆုံးတာ မတွေ့လျှင် ရှေ့ပုဒ်ကို ကာရီလို့ မှတ်၍ နောက်ပုဒ်ကို ကာရိယဟု မှတ်ရမည်။

## ၆။ ကြိယာ

ဟောတိ - ဖြစ်၏ (တစ်ခုပြု)
ဟောန္တိ - ဖြစ်ကုန်၏ (တစ်ခုကျော် ပြု)
ပပွေါတိ - ရောက်၏ (တစ်ခု)
ပပွေါန္တိ - ရောက်ကုန်၏ (တစ်ခုကျော်)

ဝါ စသည်များ-

သုတ်စဉ်၌ “ဝါ” ပါလျှင် ယင်းကို -
ဝါ - ဝိကပ်အားဖြင့်
ဝါ - အချို့ - ဟု ပေးပါ။

သုတ်စဉ်၌ "နဝါ" ပါလျှင် ယင်းကို – နဝါ – အချို့– ဟု ပေးပါ။

သုတ်စဉ်၌ ကာရီ(၂)ခု၊ ကာရိယ (၂)ခု စသည်ဖြင့် ကာရီ၊ ကာရိယ တူနေလျှင် ယထာသင်္ချ ဟု ထည့်ပေးရမည်။

ယင်းကို – ယထာသင်္ချ – အစဉ်အတိုင်း – ဟု ပေးပါ။

သုတ်နက်ပေးရာ၌ ကျေကျေညက်ညက် ရထား သိထားရမည့် အရေးအကြီးဆုံး သုတ်က " သိ , ယော၊ အံ , ယော၊ နာ , ဟိ၊ သ , နံ၊ သ္မာ , ဟိ၊ သ , နံ ၊ သ္မိံ , သု " ဖြစ်သည်။ စုစုပေါင်း (၁၄)လုံး ရှိသည်။ ဒီ (၁၄)လုံးကို ဝိဘတ် ဟု မှတ်ပါ။

(က) ဒီ (၁၄)လုံး ပါ၊မပါ အရင် ရှာရမည်။

(ခ) ဒီ (၁၄)လုံး မပါလျှင် ကျန်တာကို ပစ္စည်း ဟု မှတ်ပါ။

**ကာရီ**

(က) သိ ယ ယော စသည့် (၁၄)လုံး ပါလျှင် ဝိဘတ်ဟု မှတ်ပါ။

(ခ) ဏွုသဿ –ဟု ပါလျှင် ပစ္စည်း ဟု မှတ်ပါ။

(ဂ) (က) (ခ) မှ လွဲလျှင် သဒ္ဒါ ဟု မှတ်ပါ။

(က) ပုံစံ – သ္မာသ္မိံနံ – သ္မာဝိဘတ် သ္မိံဝိဘတ်တို့၏

(ခ) ပုံစံ – ဏွုသဿ – ဏွုပစ္စည်း၏

(ဂ) ပုံစံ – အမှသဿ – အမှသဒ္ဒါ၏

**အနက်ပေးပုံ အစီအစဉ်**

၁။ အာဓာရ

၂။ နောက်နိမိတ်

၃။ ရှေ့နိမိတ်

၄။ ကာရီ

၅။ ယထာသဉ်

၆။ ကာရိယ

၇။ ဝါ/နဝါ/ကွစိ

၈။ ကြိယာ

(အထက်ပါ အစီအစဉ်၌ သုတ်တိုင်း ပါမည် မဟုတ်ပါ။ မပါလျှင် မပါတာကို ချန်ခဲ့ပါ။

ဥပမာ– ၂ မပါလျှင် ၁–၃–၄ စသည်

၁ မပါလျှင် ၂–၃–၄ စသည် ။

မိမိ ဆိုရေးမည့် သုတ်၌ ကာရီစသည် မပါလျှင် အထက်သုတ်မှ လိုက်ပေးပါ။)

ဥပမာ–

(က) "ရညံ နံမှိ ဝါ"သုတ်၌ ကာရီ မပါ။ အထက်သုတ်မှ " ရာဇဿ" ကာရီ လိုက်ရမည်။

(ခ) "န္တဿ န္တော"သုတ်၌ နိမိတ် မပါ။ အထက်သုတ်မှ "ယောမှိ ပဌမေ" လိုက်ပါ။

(ဂ) "ဗြာဟ္မတော ဂဿ စ" သုတ်၌ ကာရိယ မပါ။ အထက်သုတ်မှ "ဧ" လိုက်ပါ။

အထက်ပါ အချက်အလက် အကြောင်းအရာ အားလုံး မှန်သည်ဟု မမှတ်သင့်ပါ။ အကြောင်းကား "သဒ္ဒါဟူက၊ ယေဘုယျ မှချ မမှတ်ရာ"ဟု ဆိုရိုးရှိသောကြောင့်။

## လက်တွေ့သဘောတရား စမ်းသပ်ခြင်း

(၁)

"အမှဿ မမံ သဝိဘတ္တိဿ သေ" သုတ်မှာ ဆက်မရေးဘဲ ခွဲထားတာ လေးနေရာ(သို့)လေးပုဒ် ရှိပါတယ်။

၁။ အမှဿ - ဆုံးတာ "ဿ"

၂။ မမံ - ဆုံးတာ " ံ "

၃။ သဝိဘတ္တိဿ - ဆုံးတာ "ဿ"

၄။ သေ - ဆုံးတာ " ဧ (ေ-)"

မှတ်ချက်။ ။ ပါဠိမှာ က အစ ဠ အဆုံး ဗျည်းဆုံးရိုး မရှိပါ။ ဒါကြောင့် "သ" မဆုံးဘဲ " ဧ (ေ-)" ဆုံးတယ်လို့ မှတ်ပါ။

သုတ်နက်ပေးတော့မယ်ဆိုရင်-

၁။ သုတ်ကို ပုဒ်ဘယ်နပုဒ်ပါလဲဆိုတာ ကြည့်

၂။ ဆုံးတာတွေကို သေချာကြည့်

၃။ နောက်နိမိတ်ကိုရှာ ။

နောက်နိမိတ်ဆိုတာ သို၊ မှိ၊ ဧ (ေ)၊ သု၊ လေးခုထဲက တစ်ခုခု ဆုံးတာသည် နောက်နိမိတ်လို့ မှတ်။

တွေ့တာက (၄)- မှာ "သေ" ေ+သ-သေ ၊ ေ - ကြောင့်၊ သ- သဝိဘတ် သိ၊ယော စသည့် (၁၄)လုံးထဲမှာ "သ" ပါလို့ သဝိဘတ်။

ေ - ကြောင့် ၊ သ - သဝိဘတ်။ သေ- သဝိဘတ်ကြောင့် ။

**ကာရီ**

ရှေ့နိမိတ် မပါလို့ ကာရီကို ရှာတော့ (၁)နှင့် (၃)မှာ ဿ ဆုံးတာ တွေ့တယ်။ ဒီလို ၂-ခုပါနေရင် နောက်ကနေ စပေးရမယ်။

နောက်ဖြစ်တဲ့ပုဒ်က သဝိဘတ္တိဿ။ သူ့ကို ခွဲထုတ်ရင် သ ရယ်၊ ဝိဘတ္တိရယ်၊ ဿရယ် ဆိုပြီး ၃-ခု ရမယ်။

သ - နှင့်တကွ
ဝိဘတ္တိ - ဝိဘတ်
ဿ - ဖြစ်သော
သ + ဝိဘတ္တိ + ဿ - ဝိဘတ်နှင့်တကွဖြစ်သော။

ဒီ "သဝိဘတ္တိဿ"ပုဒ်က နာမ်ဒုတိယပိုင်း ဆုံးခါနီးအထိ လိုက်သည်။ (ဒီပုဒ်ကို "ဝိသေသန"ပုဒ် လို့ ခေါ်သည်။)

(၁)က အမှဿ ပုဒ်မှာ အမှရယ်၊ ဿရယ်။
အမှ က အမှသဒ္ဒါ၊ ဿ က ၏ ။
အမှဿ- အမှသဒ္ဒါ၏။

**ကာရိယ**

နောက်ကာရိယ ကျန်တာက မမံ၊ ပြုတာလည်း မမံ၊ အနက်ပေးရင် မမံ- မမံ အပြုသည် ။

**ကြိယာ**

ကာရိယ ပြီးရင် ကြိယာ( ဝါ- စသည် မပါလို့)က ဟောတိ။ ဟောတိ- ဖြစ်၏။ ပြုတာတစ်ခုတည်းမို့ ဟောတိ။

အစက ပြန်ကောက်ရင် """ အမှဿ မမံ သဝိဘတ္တိဿ သေ """ ။ သေ- သဝိဘတ်ကြောင့်၊ သဝိဘတ္တိဿ- ဝိဘတ်နှင့်တကွ ဖြစ်သော၊ အမှဿ- အမှသဒ္ဒါ၏၊ မမံ- မမံအပြုသည်၊ ဟောတိ- ဖြစ်၏။

**ကာရိယရှာနည်း**

ရှေ့/နောက်နိမိတ်၊ ကာရီ၊ ဝါ၊ ကွစိ၊ စ သဒ္ဒါ တွေမှ အခြားပုဒ်သည် ကာရိယ။
ကာရိယပုံစံသည် မျိုးစုံရှိနိုင်သည်။

(၂)

မယံ ယောမှိ ပဌမေ

ဒီသုတ်မှာ နောက်နိမိတ်က ယောမှိ နှင့် ပဌမေ ဖြစ်သည်။

မှတ်ချက်။ ။နိမိတ် ၂-ခုပါလျှင်လည်း နောက်ပုဒ်ကို အနက် စပေးရမည်။

နောက်ပုဒ်က ပဌမေ ။ ယင်းကို ခွဲရင် ပဌမ နှင့် ဧ(ေ)။

ပဌမ - ပဌမ

(ေ) ဧ - ဖြစ်သော

ပဌမ + ဧ - ပဌမေ - ပဌမဖြစ်သော။

ဒုတိယပုဒ်က ယောမှိ။ ယော + မှိ ။

ယော - ယောဝိဘတ်

မှိ - ကြောင့်

ယော+ မှိ- ယောမှိ - ယောဝိဘတ်ကြောင့် ။

ပြန်ကောက်ရင် မယံ ယောမှိ ပဌမေ ။ ပဌမေ-ပဌမဖြစ်သော၊ ယောမှိ-ယောဝိဘတ်ကြောင့်၊

(သိ , ယော၊ အံ , ယော စသည့်သုတ်မှာ ဝိဘတ်(၁၄)လုံးရှိရာတွင် "ယော" နှစ်လုံးပါတယ်။ သိ , ယော မှာ ပါတဲ့ ပဌမဖြစ်တဲ့ "ယော"ကိုသာ လိုချင်လို့ "ပဌမေ" ပုဒ်ကို ထည့်ဆိုတာ။ အံ , ယော မှာပါတဲ့ "ယော"ကို မလိုချင်။)

ကျန်နေတာက မယံ ။ ဒီ "မယံ"ကို ရှေ့နိမိတ်လားဆိုပြီး စဉ်းစားကြည့်တော့ သ္မာ၊ မှာ၊ တော၊ အာ၊ ဟိ - မဆုံးတဲ့အတွက် ရှေ့နိမိတ် မဟုတ်တာ သေချာပြီ။ ဒါဆိုရင် ကာရီလား။ ကာရီဆိုတာ "သ နှင့် နံ" ဆုံးရမှာ မယံ မှာ မဆုံးတဲ့အတွက် ကာရီလည်း မဟုတ်ဘူး။ ဒါဆို ကာရိယ ပေါ့။ မယံ- မယံအပြုသည်။

**ကြိယာ**

တစ်ခုတည်းပြုတာမို့ ဟောတိ- ဖြစ်၏။

မယံ ယောမှိ ပဌမေ

ပဌမေ- ပဌမဖြစ်သော၊ ယောမှိ- ယောဝိဘတ်ကြောင့်၊ မယံ- မယံအပြုသည်၊ ဟောတိ-ဖြစ်၏။

(အဓိပ္ပာယ်) ပဌမ ယောဝိဘတ်ကြောင့် မယံ ပြုသည်။ အဓိပ္ပာယ် မပြည့်စုံဘူး။

ရှင်းကြစို့။ လုပ်တာ (ပြုတာ)က - မယံ။

ဘာကြောင့် - ပဌမ ယောဝိဘတ်ကြောင့် ။

ဘာကိုပြုတာ(လုပ်တာ)လဲ ။ သုတ်ထဲမှာ အပြုခံရသူ ပါမလာဘူး။

(ဥပမာ) ကိုရင်သုတကြောင့် (ဦးသုတ မဟုတ်) ရိုက်ခွဲတယ်။ အဓိပ္ပာယ် မပြည့်စုံဘူး။ နားမရှင်းဘူး။ ဘာလို့လဲ။ ဘာကို ခွဲမှန်း မသိလို့၊ မပါလို့။ ဖုန်းကိုလား၊ နာရီလား စသည် စသည်ဖြင့် များစွာ ဖြစ်နိုင်တယ်။

အခု ဒီသုတ်ကလည်း အဲ့လိုပဲ ခံရသူ "ကာရိ" ပါမလာဘူး။ အဲလို မပါရင် အဓိပ္ပာယ်မပြည့်စုံလို့ နားမရှင်းရင် အထက်ဖြစ်တဲ့ - "အမှသ္မ မမံ သဝိဘတ္တိဿ သေ" သုတ်မှ ကာရိဖြစ်တဲ့ "သဝိဘတ္တိဿ"နှင့် "အမှသ္မ" ပုဒ်တွေလိုက်ပြီး အထက်သုတ်လို အနက်ပေးရမည်။

မယံ ယောမှိ ပဌမေ

ပဌမေ-ပဌမဖြစ်သော၊ ယောမှိ- ယောဝိဘတ်ကြောင့်၊ သဝိဘတ္တိဿ-ဝိဘတ်နှင့်တကွဖြစ်သော၊ အမှသ္မ- အမှသဒ္ဒါ၏၊ မယံ- မယံအပြုသည်၊ ဟောတိ- ဖြစ်၏။

(၃)

န္တုဿ န္တော

**နောက်နိမိတ်**

သို့၊ မို့၊ ဧ(ေ)၊ သု ဆုံးတာ မတွေ့။ အထက်သုတ်မှ "ယောမှိ ပဌမေ" လိုက်။ အထက်အတိုင်း အနက်ပေး။

**ကာရီ**

"သနင့် နံ ဆုံးတာ သုတ်စဉ်ထဲ ရှာတော့ န္တူသ တွေ့။ န္တု + သ - န္တူသ။

န္တူသ- န္တုပစ္စည်း၏။

အမှသ မမံ သဝိဘတ္တိသ သေ - သုတ်မှ သဝိဘတ္တိသပုဒ်က ဒုတိယပိုင်း အဆုံးနားထိ လိုက်မယ်။ ဒါကြောင့် အနက်ပေးရင်-

န္တူသ န္တော

ပဌမေ- ပဌမဖြစ်သော၊ ယောမှိ- ယောဝိဘတ်ကြောင့်၊ (ဒီသုတ်မှာ နိမိတ် မပါလို့ "မယံ ယောမှိ ပဌမေ"သုတ်မှလိုက်သည်။) သဝိဘတ္တိသ- ဝိဘတ်နှင့် တကွဖြစ်သော (အမှသ မမံ သဝိဘတ္တိသ သေ-သုတ်မှ လိုက်သည်။) န္တူသ- န္တု ပစ္စည်း၏၊ န္တော - န္တော အပြုသည်၊ ဟောတိ- ဖြစ်၏။

ဒီသုတ်ရဲ့ပြယုဂ်က ကိုယ်တိုင် ပြယုဂ်ထုတ်နိုင်အောင် အပြည့်အစုံ မပါတဲ့အတွက် ကြောင့် ဘုရားတပည့်တော်က ပြယုဂ်ကို ထုတ်ပြတယ်။ ဒါပေမဲ့ ရုပ်တွက်တာကို တော့ ကိုရင်တွေကိုပဲ သူတို့ကိုယ်တိုင် တွက်ခိုင်းပါတယ်။ ဘုရားတပည့်တော်က လမ်းကြောင်း ထိန်းပေးရုံနဲ့ မေးခွန်းမေးရုံသက်သက်ပါပဲ ဘုရား။

ဘယ်လိုလမ်းကြောင်းတာလဲ…။

ဆရာ - ဒီသုတ် ပြယုဂ်က "ဂုဏဝန္တော"

ကိုရင် - မှန်ပါဘုရား

ဆရာ - ဒီသုတ်က ဘာပြုတာလဲ

ကိုရင် - "န္တော" ပြုတာပါဘုရား

ဆရာ - ဒီသုတ် ပြယုဂ်က "ဂုဏဝန္တော"၊ ပြုတာက "န္တော" ဆိုတော့ "ဂုဏဝန္တော"မှာ န္တော ပါရဲ့လား

ကိုရင် - မှန်ပါ၊ ပါပါတယ်ဘုရား

ဆရာ – ပါရင် "န္တော"ကို ဖယ်လိုက်တော့ ဘယ်လိုကျန်မလဲ ဆိုကြည့်စမ်း
ကိုရင် – ဂုဏဝ ပါဘုရား
ဆရာ – ဒီသုတ်က ဘာကို "န္တော" ပြုတာလဲ
ကိုရင် – န္တု ကိုပါဘုရား
ဆရာ – ဒါဆို "န္တော"ပြုချင်ရင် ဘာရှိရမှာလဲ
ကိုရင် – န္တု ရှိရမှာပါဘုရား
ဆရာ – (ဂုဏဝန္တော) ကို "ဂုဏဝ" လို့ တည်လို့ ရမလား
ကိုရင် – မရပါဘုရား
ဆရာ – ဒါဆို ဂုဏဝ နောက်က ဘာထပ်ထည့်ပြီး တည်ရမှာလဲ
ကိုရင် – ဂုဏဝ နောက်က န္တု ထည့်ပြီး ဂုဏဝန္တု လို့ တည်ရမှာပါဘုရား
ဆရာ – ဘာလို့ "န္တု"ထည့်တာလဲ
ကိုရင် – "န္တော" ပြုချင်လို့ပါဘုရား
ဆရာ – ဒါဆို ပြန်တည်...
ကိုရင် – ဂုဏဝန္တော ကို ဂုဏဝန္တု တည်
ဆရာ – ဘာ ဝိဘတ် သက်
ကိုရင် – ယော ဝိဘတ်သက်
ဆရာ – သုတ်ထဲမှာ နိမိတ် မပါဘဲနဲ့ ဘာလို့ ယောဝိဘတ်သက်တာလဲ
ကိုရင် – အထက်သုတ်က လိုက်တာပါဘုရား
ဆရာ – အခု ဘယ်လို ဖြစ်နေပြီလဲ
ကိုရင် – ဂုဏဝန္တု + ယော
ဆရာ – န္တု ကိုပဲ န္တော ပြု မှာလား
ကိုရင် – န္တု နဲ့ ယောဝိဘတ်ကို ပေါင်းပြီး န္တော ပြုမှာပါဘုရား။

အခုလိုလေး လမ်းကြောင်းပေးလျက် မေးခွန်းမေးပြီး နာမ်ဒုတိယပိုင်း (၁၀) သုတ်လောက် လုပ်ပေးလိုက်ရင် နာမ် အားလုံး အဆင်ပြေခဲ့ဖူးပါတယ်ဘုရား။

(၄)

၁၉၇– ဖြဟ္မတော တု သွိ် နိ

နောက်နိမိတ် မပါ။ ရှေ့နိမိတ် "ဖြဟ္မတော"မှာ "တော"ဆုံးလို့ ရှေ့နိမိတ်

ဖြဟ္မ + တော – ဖြဟ္မတော

ဖြဟ္မ – ဖြဟ္မသဒ္ဒါ

တော – မှ

ဖြဟ္မတော – ဖြဟ္မသဒ္ဒါမှ

ဒီသုတ်မှာ ကာရီ"သဿ" နှင့် "နံ" ဆုံးတာ မတွေ့ရဘူး။ ကျန်နေတာက "တု၊ သွိ်၊ နိ"သုံးခုကျန်နေတယ်။ တု–ကို အနက်ပေးရင် ဖြဟ္မတော နှင့်တွဲပြီး ပေးလည်း ရ တယ်။ မပေးဘဲ ထားပစ်ခဲ့လည်း ရတယ်။ ပေးရင် ပိုကောင်း။ တု – လည်း။

ဖြဟ္မတော တု – ဖြဟ္မသဒ္ဒါမှလည်း၊ (ပရဿ– နောက် ကထည့်)၊ ပရဿ – နောက်ဖြစ်သော။ကျန်နေတာက သွိ် နှင့် နိ ။ အခုလို ကာရီ မထင်ရှားဘဲ (သဿ နှင့် နံ ဆုံးတာ မတွေ့ဘဲ) သုတ်စဉ်မှာ တွေ့ရင် ရှေ့က ပုဒ်ကို ကာရီလို့ မှတ်ပြီး နောက်ပုဒ်ကို ကာရိယ လို့ မှတ်ရမယ်။

အခု ရှေ့ပုဒ်က သွိ် – အနက်ပေးရင် –သွိ် – သွိ် ဝိဘတ်၏

နောက်ပုဒ်က ကာရိယ ဖြစ်လို့ နိ – နိအပြုသည် ။ ဟောတိ – ဖြစ်၏။

ဖြဟ္မတော တု သွိ် နိ

ဖြဟ္မတော တု – ဖြဟ္မသဒ္ဒါမှလည်း။ (ပရဿ–ထည့်) ပရဿ– နောက်ဖြစ်သော။ သွိ် –သွိ် ဝိဘတ်၏။ နိ– နိအပြုသည်။ ဟောတိ– ဖြစ်၏။

(၅)

၁၉၁– သခတော စာယောနော

သခတော– သခသဒ္ဒါမှ၊ ပရေသံ– နောက်ဖြစ်ကုန်သော။ ယောနံ (အထက်က လိုက်)– ယောဝိဘတ်တို့၏။ အာယော နော– အာယောအပြုနော အပြုတို့သည်။ ဟောန္တိ– ဖြစ်ကုန်၏။

(၁၉၇)သုတ်မှာ ပရဿ ထည့်ပြီး (၁၉၁) သုတ်ကျ ပရေသံ ထည့်တာ ဘာ

ကြောင့်လဲ ဆိုတော့ (၁၉၇)သုတ်မှာ ကာရီက သို့်-တစ်ခုတည်းမို့ "ပရဿ"ထည့်တာ။ (၁၉၇)ကျ ကာရီက ယောဝိဘတ် ၂-လုံး ဖြစ်နေလို့(သို့) ၃-လုံးဖြစ်နေလို့ "ပရေသံ"ထည့်တာ။

အတိုချုပ် မှတ်ရမှာက-
နံ ဆုံးလျှင် ပရေသံ၊ နံ မဆုံးလျှင် ပရဿ။
ကာရီ နည်းရင် ပရဿ၊ ကာရီများရင် ပရေသံ။
(၁၉၇)သုတ်မှာ နိ- တစ်ခုတည်း ပြုတာမို့ "ဟောတိ"။
(၉၁)သုတ်မှာ အာယော ရယ်၊ နော ရယ် ၂-ခု ပြုတာမို့ "ဟောန္တိ"။

(၆)

၂၂၇- ကိဿ က ဝေ စ
နောက်နိမိတ် ဝေ-မှာ "သိ , ယော အံ , ယော" စသည့်သုတ်က ဝိဘတ်(၁၄)လုံးထဲမှာ "ဝ" မပါလို့ သူ့ကို ပစ္စည်းလို့ မှတ်။
ဝေ- ဝပစ္စည်းကြောင့် ။
ကိဿ - ကိံ သဒ္ဒါ၏ (ဆရာက ကိံ လို့ ပြော)
က - က အပြုသည် ။ ဟောတိ - ဖြစ်၏။
ဒီလောက်ဆို ဆရာက နည်းနည်းပါးပါး ထောက်ပေးတာနဲ့ (သို့)စာရေးမယ့်ပုဂ္ဂိုလ်ကိုယ်တိုင် နည်းနည်းကြည့်တာနဲ့တင် နာမ် ဆိုနိုင်လောက်ပါပြီ။
အခုထပ်ပြီး အရေးကြီးတာတွေကို ရေးပါ့မယ်။

## သုတ်စဉ် ပုဒ်ဖြတ်နည်း

၁။ သုတ်စဉ်၌ "ဿ" တွေ့ရင် အ–သရ မှတစ်ပါး အခြား သရတွေကို နေ–ဂက်မှာ ခွဲထား၍ ပုဒ်ဖြတ်ရမည်။

ဥပမာများ –

က။ ဣမဿိ – ဣမဿ + ဣ (၂၃၄)

ခ။ သခန္ဓဿိ – သခန္ဓဿ + ဣ (၁၉၄)

ဂ။ ပုမန္တဿာ – ပုမန္တဿ + အာ (၁၅၂)

ဃ။ ဂဿေ – ဂဿ + ဧ (၁၁၃)

င။ အာဝဿု – အာဝဿ + ဥ (၇၆)

ဿ–တွေ့သော်လည်း (အသရနှင့်)ပုဒ် မဆုံးသေးလျှင်(သို့) တစ်ပုဒ်တည်းဖြစ်လျှင် အ–သရကို နောက်သို့ပို့၍ ပုဒ်ဖြတ်ရမည်။

န္တုဿန္တော ၊ န္တုဿ + အန္တော (၉၂)။

ဿ–ရှေ့မှာ "ရ" ရှိလျှင် ပုဒ် မဖြတ်ရတဲ့ ပုံစံများ –

ရဿော (၉၆)

ရဿာ (၁၁၆)

ရဿံ (၂၄၅) … စသည်။

၂။ သုတ်စဉ်၌ "မ"တွေ့လျှင် ရှေ့သို့ နိဂ္ဂဟိတ်(သေးသေးတင်) ပို့၍ "မ"မှာ ရှိသော သရကို နောက်သို့ပို့၍ ထားရမည်။

ဥပမာများ –

ကျ။ ပဌာဒီန မကာရော – ပဌာဒီနံ + အကာရော (၁၃၄)
ခ။ တွမဟံ – တွံ + အဟံ (၁၄၀)
ဂ။ သွိမေ – သွိံ + ဧ (၁၉၂)
ဃ။ ယောနမော – ယောနံ + ဩ (၂၀၅)
င။ သွိမိ – သွိံ + ဣ (၂၀၆)
စ။ ရဿမိကာရေ – ရဿံ + ဣကာရေ (၂၀၈)
ဆ။ ယမီတော – ယံ + ဤတော (၂၂၃)

သုတ်စဉ်၌ "မ"များစွာ တွေ့ရပြီး ရှေ့သို့ နိဂ္ဂဟိတ် မတင်ရဘဲ ပုဒ်မဖြတ်ဘဲ ထားသော "မ"များစွာရှိ၍ ရှုပ်ထွေးမှု ရှိသော်လည်း အကျိုးကျေးဇူးများစွာ ရှိတယ်ဆိုတာ တွေ့ရပါလိမ့်မယ်။

၃။ သုတ်စဉ်၌ "ဠ" ဆုံးလျှင် ဥ–ကို ဖျောက်၍ ရှေ့သို့ နိဂ္ဂဟိတ် ပို့ပေးပါ။

ဥပမာများ–

က။ ယုဝါနဠ – ယုဝါနံ + စ
ခ။ လောပဠ – လောပံ + စ
ဂ။ သတ္ထုနတ္တဠ – သတ္ထုနံ + အတ္တဠ

၄။ သုတ်စဉ်၌ "ဝ" (ဝဆွဲ)တွေ့သော် "ဝ" (ဝဆွဲ)ကို ဥ (–ု)ထား(လုပ်)၍ ယင်းမှာ ရှိနေသော သရကို နောက်သို့ ပို့ပါ။

ပုံစံများ–

ကျ ယောသွကတရသော - ယောသု + အကတရသော

ခ။ သုဟိသွကာရော - သုဟိသု + အကာရော (၁၀၁)

ဂ။ ယောသွာနော - ယောသု + အာနော (၁၅၅)

ဃ။ အညေသွာရတ္တံ - အညေသု + အာရတ္တံ (၂၀၀)

“ယွာလပနဿ” မှာ ယု + အာလပနဿ လို့ ပုဒ်ဖြတ်ရင် အာလုပ် “ယု”ဝိဘတ် လို့ မရှိဘူး။ “ယော”ဝိဘတ်ပဲ ရှိတယ်လို့ ပြောလိုက်ရင် နောက်တစ်ခါ မမှားတော့ဘူး။ ယွပ္ပဋမော (၁၆၂)

၅။ သုတ်စဉ်၌ “ဒိ” လို့ တွေ့ပြီး ရှေ့၌ ရေးချ (သို့) အာ–သရ ပါရင် + အာဒိ လို့ ပုဒ်ဖြတ်ပါ။

ပုံစံများ–

ကျ ဥဘာဒိတော - ဥဘ + အာဒိတော (၈၆)

ခ။ အမ္ဗာဒိတော - အမ္ဗ + အာဒိတော (၁၁၅)

အနက်။ အာဒိ– အစရှိသော ။

၆။ သုတ်စဉ်၌ “ဒီ”လို့ တွေ့ပြီး ရှေ့၌ အာသရ(ရေးချ)ပါရင် + အာဒီ လို့ ပုဒ်ဖြတ်ပါ။

ပုံစံများ–

ကျ ပဉ္စာဒီနမတ္တံ - ပဉ္စ + အာဒီနံ + အတ္တံ (၉၀)

ခ။ နာဒီနံ - နာ + အာဒီနံ (၁၁၁)

ဂ။ ပိတာဒီနမသိမှိ - ပိတု + အာဒီနံ + အသိမှိ (၂၀၉)

ဃ။ လိင်္ဂါဒီသု - လိင်္ဂ + အာဒီသု (၂၂၂)

အနက်။ အာဒီ - အစရှိကုန်သော ။

အချို့အနက်များ

| | |
|---|---|
| လောပံ | - ကျေပျောက်ခြင်းသို့ |
| လောပေါ | - ကျေပျောက်ခြင်းသည် |
| အညာ-သေသ | - ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော |
| ကတ | - ပြုအပ်ပြီးသော |
| တတော | - ထို ...... မှ |
| အာဒိ | - အစရှိသော |
| အာဒီ | - အစရှိကုန်သော |
| န္တ (အန္တ) | - အဆုံး |
| န္တသ | - အဆုံး၏ / ဖြစ်သော |
| န္တာနံ | - အဆုံးဖြစ်ကုန်သော |

## အာချာတ်သုတ်နက် ရေးနည်း

**၁။ အာဓာရ**

ဒုတိယပိုင်းသုတ်စဉ်၌ (သို့)၊ ဧ နှင့် သုတို့ဆုံးလျှင် အာဓာရ ဟု မှတ်ရပါမည်။

ယင်းတို့ကို–

(က) ဧ – အနက်၌

(ခ) သု – အနက်တို့၌ ဟု အနက်ပေးရပါမည်။

ပုံစံများ–

(က) အာစာရေ – ပြုကျင့်ခြင်းအနက်၌။ ၄၃၅–၄၃၆

(ခ) ဣစ္ဆတ္ထေ – အလိုရှိခြင်းအနက်၌။ ၄၃၇

(ဂ) ပေတွတ္ထေ – ဟိတ်အနက်၌။ ၄၃၈

(ဃ) ကတ္တရိ – ကတ္တားအနက်၌။ ၄၄၄ မှ ၄၅၂–၄၅၄–၄၅၆

(င) ဘာဝေ – ဘောအနက်၌။

(စ) ကမ္မနိ – ကံအနက်၌

(ဆ) တုမိစ္ဆတ္ထေသု – တုံပစ္စည်း၊ ဣစ္ဆာအနက်တို့၌။ ၄၃၄

(ဇ) ဘာဝကမ္မေသု – ဘော၊ကံ အနက်တို့၌။ ၄၄၀

မှတ်ချက်။ သို့ ကို ပြေ – ဘာဝေ စသည်...

သို့ ကို တ္တပြု – ကတ္တရိ

သို့ ကို နိပြု – ကမ္မနိ

ကြည့်ရှုရန် –

ဓာတုရူပေ– ဓာတ်၏သဘောသည်၊ သတိ–ရှိလတ်သော် (ထည့်ပေး)။ ၄၃၉။

## ၂။ နောက်နိမိတ်

တတိယပိုင်းနှင့် စတုတ္ထပိုင်းတို့၌ သ္မိံ၊ မှိ၊ ဧ နှင့် သုတို့ဆုံးလျှင် နောက်နိမိတ်ဟု မှတ်ရပါမည်။

ယင်းတို့ကို –

| | |
|---|---|
| သ္မိံ | – ကြောင့် |
| မှိ | – ကြောင့် |
| ဧ | – ကြောင့် |
| သု | – တို့ကြောင့် ဟု အနက်ပေးပါ။ |

ပုံစံများ–

| | |
|---|---|
| (က) သေသု | – သပစ္စည်းတို့ကြောင့်။ ၄၆၇ |
| (ခ) ဆပစ္စယေသု | – ဆပစ္စည်းတို့ကြောင့် ။ ၄၇၂။ |
| (ဂ) ခေ | – ခပစ္စည်းကြောင့်။ ၄၇၃ |
| (ဃ) သေ | – သပစ္စည်းကြောင့်။ ၄၇၄ |

မှတ်ချက်–

တတိယပိုင်း နိမိတ်ပါသောသုတ်တို့တွင် အထက်ပါ အစ လေးသုတ်တို့သည် ပစ္စည်းနောက်နိမိတ်ဖြစ်၍ ကျန်သုတ်တို့ကို ဝိဘတ် ဟု မှတ်ပါ။

ပုံစံများ–

| | |
|---|---|
| (က) ပရောက္ခာယံ | – ပရောက္ခာဝိဘတ်ကြောင့်။ ၄၇၅ |
| (ခ) အဇ္ဇတနိမှိ | – အဇ္ဇတနီ ဝိဘတ်ကြောင့်။ ၄၇၇ |
| (ဂ) ဟိမိမေသု | – ဟိဝိဘတ်၊ မိဝိဘတ်၊ မဝိဘတ်တို့ကြောင့်။ ၄၇၈ |
| (ဃ) ဘဝိဿန္တိမှိ | – ဘဝိဿန္တိဝိဘတ်ကြောင့်။ ၄၈၀–၄၈၁ |

ကြည့်ရှုရန်–

| | |
|---|---|
| (က) သဗ္ဗာသု | – အလုံးစုံသော ပစ္စည်း၊ဝိဘတ်တို့ကြောင့်။ ၄၇၆ |
| (ခ) သ္မိံ ကို ယံပြု | – ပရောက္ခာယံ။ |

စတုတ္ထပိုင်း၌ အောက်ပါပုံစံတို့ကို ပစ္စည်း နောက်နိမိတ်ဟု မှတ်ရပါမည်။

(က) ကာရိတေ – ကာရိတ်ပစ္စည်းကြောင့်။ ၄၈၃–၄၈၄–၄၈၆–၅၁၅

(ခ) ယေ – ယပစ္စည်းကြောင့်။ ၄၈၇–၄၈၈

(ဂ) ယမှိ – ယပစ္စည်းကြောင့်။ ၅၀၂–၅၀၃

(ဃ) ပေ့ – ပွပစ္စည်းကြောင့်။ ၄၈၉

(င) ဏျာမှိ – ဏျာပစ္စည်းကြောင့်။ ၄၉၀

(စ) အညေသု – ကာရိတ်မှ တစ်ပါးသော ပစ္စည်းတို့ကြောင့်။ ၄၈၅

မှတ်ချက်–

အထက်ပါပုံစံတွေမှ အခြားသော နောက်နိမိတ်တို့ကို ဝိဘတ်ဟု မှတ်ပါ။

ကြည့်ရှုရန် –

သရေ – သရကြောင့်။ ၅၁၃–၅၁၄

သဗ္ဗတ္ထ – အလုံးစုံသော ဝိဘတ်ပစ္စည်းတို့ကြောင့်။ ၅၀၆

## ၃။ ရှေ့နိမိတ်

သုတ်စဉ်၌ သမ္မာ၊ မှာ၊ ဟိ၊ တော တို့ ဆုံးလျှင် ရှေ့နိမိတ်ဟု မှတ်ရပါမည်။

ပုံစံများ –

(က) ဓာတုလိင်ေဟိ – ဓာတ် လိင်တို့မှ။ ၄၃၂

(ခ) ကတ္တုပမာနာ – ကတ္တား၏ ဥပမာနဖြစ်သော။ နာမတော – နာမ်မှ။ ၄၃၅

(ဂ) ဥပမာနာ – ကံ၏ ဥပမာနဖြစ်သော။ နာမတော – နာမ်မှ။ ၄၃၆

(ဃ) နာမမှာ – နာမ်မှ။ ၄၃၇

(င) နာမသ္မာ – နာမ်မှ။ ၄၃၉

အထက်ပါ ပုံစံတွေမှ အခြားသော ရှေ့နိမိတ်ပုံစံတို့သည် ဓာတ်တို့ဖြစ်ကြပါသည်။

ပုံစံ –

ဘူဝါဒိတော – ဘူအစရှိသော ဓာတ်မှ။ စသည်...။

**၄။ ကာရီ**

သုတ်စဉ်၌ ဿနှင့် နံတို့ဆုံးလျှင် ကာရီဟု မှတ်ရပါမည်။

ဝိဘတ်ကာရီများ–

မိမာနံ – မိမဝိဘတ်တို့၏။ ၄၉၂

သုတ်စဉ် ၄၉၂ မှ ၄၉၅–၄၉၇–၄၉၈–၅၀၄–၅၀၈ တို့သည် ဝိဘတ်ကာရီတို့ ဖြစ်ပါသည်။

ပစ္စည်းကာရီများ–

နာဿ – နာပစ္စည်း၏။ ၅၀၉

အကာရော – အပစ္စည်းသည်။ ၅၁၀

ဤနှစ်သုတ်သာ ရှိပါသည်။

အခြားကာရီများသည် ဓာတ်ကာရီနှင့် ဓာတ်နှင့်ဆက်စပ်သော ဓာတ်၏ ဗျည်း (သို့မဟုတ်) သရတို့သည် ကာရီများ ဖြစ်ကြပါသည်။

ပုံစံ – ဂဟဿ – ဂဟဓာတ်၏။ ၄၈၉

ဟ – ဂဟဓာတ်၏ ဟအက္ခရာ၏။ ၄၉၀ – စသည်။

**၅။ ကာရိယ**

ကာရိယသည် နာမ်ကာရိယအတိုင်း မှတ်ရပါမည်။

**၆။ ပစ္စယဝိဓိ**

ပစ္စည်းသက်သောသုတ်ဖြစ်လျှင် နာမ်အတူ ရှေ့နိမိတ်နောက်မှ ပုံသေ ပရေ ထည့်ပေးရပါမည်။

ယင်းကို ပရေ– နောက်၌ဟု အနက်ပေးပါ။

**(၇) ကြိယာ**

နာမ်နှင့်တူပါသည်။

မှတ်ချက် - သုတ်နက်ရေးပုံ အစီအစဉ်သည် နာမ်နှင့်တူပါသည်။

## ကိတ်အနက်ပေးနည်း

### ၁။ အာဓာရ

သုတ်စဉ်၌ ဧ နှင့် သုတ္တိုဆုံးလျှင် အာဓာရဟု မှတ်ရပါမည်။ (အစ မှ စတုတ္ထပိုင်း ပထမသုတ်အထိ )

ယင်းတို့ကို–

ဧ – (အနက်) ၌

သု – အနက် တို့၌ ဟု အနက်ပေးရပါမည်။

ပုံစံများ–

(က) ကုဏ္ဍတ္ထိယံ – ကုဏ္ဍတ္ထိလိင်အရာ၌။ ၅၅၁–၅၅၂

(ခ) သညာယံ – နာမည်ကို ဟောရာ၌။ ၅၂၅

(ဂ) ဘာဝေ – ဘောအနက်၌။ ၅၂၉

(ဃ) တဿီလာဒီသု – တဿီလ အစရှိသောအနက်တို့၌။ ၅၃၂–၅၃၃–၅၃၄–၅၃၅–၅၃၆

(င) ပဒန္တေ – ပုဒ်အဆုံး၌။ ၅၃၇

(စ) ဘာဝကမ္မေသု – ဘောအနက် ကံအနက်တို့၌။ ၅၄၀–၅၄၁–၅၄၂–၅၄၃–၅၄၄–၅၄၇

(ဆ) ကတ္တုကရဏပဒေသေသု – ကတ္တားအနက်၊ကရိုဏ်းအနက်၊ ဩကာသ အနက်တို့၌။ ၅၄၈

(ဇ) အာသိဋ္ဌေ – တောင့်တခြင်းအနက်၌။ ၅၅၂ – စသည်။

### ၂။ နောက်နိမိတ်

၁။ သုတ်စဉ်၌ သွိ မှိ တို့ ဆုံးလျှင် နောက်နိမိတ်ဟု မှတ်ရပါမည်။

ယင်းတို့ကို–

သွိ – ကြောင့်

မှိ – ကြောင့်

ပုံစံများ–

(က) တုသို့ - တုပစ္စည်းကြောင့်

(ခ) ရမှိ - ရပစ္စည်းကြောင့်

(ဂ) ကွိမှိ - ကွိပစ္စည်းကြောင့်

၂။ သုတ်စဉ်၌ ဧ နှင့် သုတို့ ဆုံးလျှင် နောက်နိမိတ်ဟု မှတ်ရပါမည်။ (စတုတ္ထပိုင်း၊ဒုတိယသုတ်မှ ကိတ်အဆုံးထိ)

ယင်းတို့ကို–

ဧ – ကြောင့်

သု – တို့ကြောင့်

ပုံစံများ–

(က) ဌေ - ဌ အပြုကြောင့် ။ ၆၁၀

(ခ) ခေ - ခ အပြုကြောင့် ။ ၆၁၁

(ဂ) တပ္ပစ္စယေသု - တပစ္စည်းတို့ကြောင့် ။ ၅၉၄

(ဃ) တဝေတုနာဒီသု - တဝေပစ္စည်း၊တုနာအစရှိသော ပစ္စည်းတို့ကြောင့်။ ၅၉၅ စသည်။

ကြည့်ရှုရန် –

ကမ္မာဒိမှိ - ကံပုဒ်အစသည်။ သတိ– ရှိလတ်သော်။ ၅၂၄–၅၂၅

ပုရေ - အစ၌ ပုရသဒ္ဒါသည်။ သတိ – ရှိလတ်သော်။ ၅၂၆

တေ - ထိုရှေ့ငါးပစ္စည်းတို့သည်။ ၅၄၅

အညေ - ကိစ္စမှ တစ်ပါးသော ပစ္စည်းတို့သည်။ ၅၄၆

အရဟသက္ကာဒီသုစ – အရဟသက္က အစရှိသောသဒ္ဒါတို့သည်လည်း။ သန္တေသု – ရှိကုန်လတ်သော်။ ၅၆၂

အလမတ္ထေသု – အလံသဒ္ဒါ၏ အနက်တို့တွင်။ ပတ္တဝစနေစ – သင့်လျော် လျောက်ပတ်၏ဟူသော အနက်သည်လည်း။ သတိ – ရှိလတ်သော် ။ ၅၆၃

သမာနကတ္တုကေသု - တူသောကတ္တားရှိကုန်သော။ ဣစ္ဆတ္ထေသု - ဣစ္ဆာ အနက်ရှိသော ဓာတ်တို့သည်။ သန္တေသု- ရှိကုန်လတ်သော်။ ၅၆၁

သမ္ဘတ္ထ - အလုံးစုံသော ဝိဘတ်ပစ္စည်းတို့ကြောင့်။ ၅၉၂။ ၆၀၉

သမ္ဘတ္ထ - အလုံးစုံသော တပစ္စည်း တိပစ္စည်းတို့ကြောင့်။ ၆၀၈

**၃။ ရှေ့နိမိတ်**

သုတ်စဉ်၌ သ္မာ၊ မှာ၊ အာ၊ ယာ၊ ဟိ နှင့် တော တို့ ဆုံးလျှင် ယင်းတို့ကို ရှေ့နိမိတ်ဟု မှတ်ရပါမည်။

ယင်းတို့ကို ရှေ့အတိုင်း အနက်ပေးပါ။

ရှေ့နိမိတ်အားလုံးသည် ဓာတ် ဖြစ်ပါသည်။

မှတ်ချက် -

ကာရီ၊ ပစ္စယဝိဓိ၊ ကိရိယာနှင့် သုတ်နက်ရေးပုံ အစီအစဉ်တို့သည် အာချာတ် နှင့် တူပါသည်။

ကြည့်ရှုရန် - ကာရီ

ပုဗ္ဗကာလေ"ကကတ္တုကာနံ တုန တွာန တွာ ဝါ။

ကေကတ္တုကာနံ -တူသောကတ္တားရှိသော ရှေ့နောက် ကိရိယာတို့တွင်။ ပုဗ္ဗကာလေ - ရှေ့ကိရိယာ၌ ။ ၅၆၄

ဟန္တေဟိ ဟော ဟဿ ဠော ဝါ အဒဟနဟာနံ။

အဒဟနဟာနံ - ဒဟဓာတ်၊ နဟဓာတ်မှ တစ်ပါးကုန်သော။ ဟန္တေဟိ - ဟ အဆုံးရှိသောဓာတ်တို့မှ။ ၅၈၉

## ဥဏာဒ်အနက်ပေးနည်း

ဥဏာဒ်တွင် သုတ်ပေါင်း (၅၀) ရှိပါသည်။ ယင်းတို့တွင် –

၁။ ပစ္စယဝိဓိသုတ် (၃၁)သုတ်

၂။ အာဒေသဝိဓိသုတ် (၁၆)သုတ်

၃။ အခြားသုတ် (၃)သုတ် တို့ ဖြစ်ပါသည်။

**အာဒေသဝိဓိသုတ် –**

သုတ်စဉ်၌ ဿနှင့်နံ့ ဆုံးလျှင် အာဒေသဝိဓိသုတ်ဟု မှတ်ရပါမည်။

အနက်ပေးရာ၌ အထူးကား–

ဿ နှစ်ခု နံ့ နှစ်ခု ဆုံးတာတွေ့လျှင် ရှေ့အပိုင်းတို့တွင် နောက်ဖြစ်သော ပုဒ်မှ စပေးပြီး ယင်းတို့ကို ပေးရာ၌ နောက်ပုဒ်ကို သော (သို့မဟုတ်) ဖြစ်ကုန်သော ဟုပေး၍ ရှေ့ပုဒ်ကို ၏၊ တို့၏ ဟု အနက်ပေးပါသည်။

ပုံစံ –

အမှဿ မမံ သဝိဘတ္တိဿ သေ။

သဝိဘတ္တိဿ – ဝိဘတ်နှင့်တကွဖြစ်သော။ အမှဿ – အမှသဒ္ဒါ၏ ဟု ပေးပါသည်။

ယခုအပိုင်းတွင် ရှေ့ပုဒ်ကို စ၍ အနက်ပေးပါသည်။ ရှေ့ပုဒ်ကို ၏ အနက်ပေး၍ နောက်ပုဒ်ကိုလည်း ၏ ဟုပင် အနက်ပေးရပါမည်။

ပုံစံ–

ဂဟာဿုပဓဿေ ဝါ ။ ၆၂၉

ဂဟာဿ – ဂဟဓာတ်၏။ ဥပဓဿ – ဥပဓာမည်သော အက္ခရာ၏ အဆုံး အ ၏။ စသည် ။

ကြည့်ရှုရန်အထူး –

ဥသုရန္ဓဒံသာနံ ဒံသဿ ဒဍ္ဎော ဗဍ္ဍာစ။ ဥသုရန္ဓဒံသာနံ – ဥသုဓာတ်၊ ရန္ဓဓာတ်၊ ဒံသဓာတ်တို့တွင်။ ဒံသဿ– ဒံသဓာတ်၏။

သုတ်စဉ်၌ ဿ တွေ့သော်လည်း ကာရီမဟုတ်သော သုတ်များ–

(က) အဝဿကာဓမိဏေသု ဏီ စ။ ၆၃၆

(ခ) မနပူရသုဏာဒီဟိ ဥဿနသိယာ။ ၆၇၃

(ဂ) ဘဝိဿတိ ဂမာဒီဟိ ဏီ ဃိဏ် ။ ၆၅၁

**ပစ္စယဝိဓိသုတ်–**

ပစ္စည်းသက်သော သုတ်တို့သည် ရှေ့အပိုင်းများကဲ့သို့ သို့ံ၊ မှ၊ ၎ ၊ သုတို့ ဆုံးလျှင် ၌၊ တို့၌။

သ္မာ၊ မှာ ၊ တော၊ ဟိ ဆုံးလျှင် မှ၊ တို့မှ ဟု ပေးရပါမည်။

ကြည့်ရှုရန်သုတ်များ–

(က) ကမ္မနိ ဒုတိယာယံ တ္တော။ ၆၂၆

ကမ္မနိ– အဝုတ္တကံအနက်၌။ ဒုတိယာယံ– ဒုတိယာဝိဘတ်ရှိလတ်သော်။ ကတ္တရိ– ကတ္တားအနက်၌။

(ခ) အရဟာသက္ကာဒီဟိ တုံ။ ၆၃၇
အရဟာသက္ကာဒီဟိ - အရဟာသက္ကအစရှိသည်တို့နှင့်။ ပယောဂေ- ယှဉ်ရာ၌။

(ဂ) အက္ကောသေ နမှာနိ။ ၆၄၅
နမှိ - န-ဟူသော ပဋိသေဓနိပါတ် ရှေ့ရှိလတ်သော်။ အက္ကောသေ- ဆဲရေးခြင်းအနက်ကို။ ဂမျမာနေ- သိအပ်သည်ရှိသော်။

(ဃ) ကာလေ ဝတ္တမာနာတီတေ ဏွာဒယော။ ၆၅၀
ဝတ္တမာနေ - ပစ္စုပ္ပန်လည်းဖြစ်သော။ အတီတေ - အတိတ်လည်းဖြစ်သော။ ကာလေ - အခါကို။ ဂမျမာနေ- သိအပ်သည်ရှိသော်။

(င) ကြိယာယံ ဏွုတဝေါ ။ ၆၅၂
ဘဝိဿတိ - အနာဂတ်ကာလ၌။ ကြိယာယံ- ကြိယာအနက်ကို။ ဂမျမာနာယံ- သိအပ်သည်ရှိသော်။

**အခြားသုတ်များ-**

(က) ဝဇာဒီဟိ ပဗ္ဗဇ္ဇာဒယော နိပ္ပဇ္ဇန္တေ။ သုတ်ကြီး။ ၆၃၈
(ခ) ကွိလောပေါ စ။ ချေတဲ့သုတ် ။ ၆၃၉
(ဂ) ဘာဝဝါစိမှိ စတုတ္ထီ ။ ဝိဘတ်သက်တဲ့သုတ်။ ၆၅၃

## အနက်ပေးနည်း

